
# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၃ ဇူလိုင် - ၉ ဇူလိုင် ၂၀၂၆




၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အတွင်း နိုင်ငံတဝန်းတွင် စစ်ရေးလှုပ်ရှားမှုများနှင့် အရပ်သားပစ်မှတ်ထား တိုက်ခိုက်မှုဖြစ်စဉ်များ စုစုပေါင်း ၁၄၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ၄င်းတို့အနက် စစ်ရေးလှုပ်ရှားမှုများမှာ အနည်းဆုံး ၆၃ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များမှာ အနည်းဆုံး ၈၆ ကြိမ် ဖြစ်ပွားခဲ့သည်။

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများနှင့် လူနည်းစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် စစ်အုပ်စုတွင် အဓိကတာဝန်ရှိကြောင်း ဇူလိုင်လ ၇ ရက်နေ့ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် ဗြိတိန်အစိုးရမှ ပြောကြားခဲ့သည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်းအား ထောက်ခံကြောင်း ဗြိတိန်နိုင်ငံက ကြေညာခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စစ်အုပ်စုသည် အဓိကတာဝန်ရှိသူဖြစ်ပြီး ရိုဟင်ဂျာများနှင့် မြန်မာနိုင်ငံရှိ အခြားလူနည်းစုများသည် စစ်အုပ်စုနှင့် အခြားလက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ခံစားနေရဆဲဖြစ်ကြောင်း ဗြိတိန်သံတမန်က ထပ်မံအလေးပေးပြောကြားခဲ့သည်။ ထို့အပြင် အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR) မှလည်း အာဆီယံအထူးကိုယ်စားလှယ်နှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မာသရီဆာလာဇာရိုအား နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မပြုရန် မြန်မာစစ်အုပ်စုမှ ငြင်းဆိုလိုက်ခြင်းသည် အာဆီယံ၏ မြန်မာနိုင်ငံဆိုင်ရာ ဘုံသဘောတူညီချက် (Five-Point Consensus) အား ချိုးဖောက်သည့် လုပ်ရပ်ဖြစ်ကြောင်း ဇူလိုင် ၇ ရက်နေ့တွင် ပြင်းထန်စွာ ရှုတ်ချခဲ့သည်။ ဖိလစ်ပိုင်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သို့ ပြောင်းရွှေ့ထားသည်ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက် မေ ၆ ရက်တွင် တွေ့ဆုံခွင့် တရားဝင်တောင်းခံခဲ့သည်။ သို့သော် ဇွန် ၃၀ ရက်တွင် စစ်ကောင်စီပြောရေးဆိုခွင့်ရှိသူမှ ဒေါ်အောင်ဆန်းစုကြည်သည် ပြစ်ဒဏ်ကျခံနေရဆဲဖြစ်သဖြင့် နိုင်ငံတကာကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်မပြုနိုင်ကြောင်း ပြောဆိုကာ အာဆီယံ၏တောင်းဆိုချက်ကို ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

# မြင်ကွင်း


# တော်လှန်စစ်ဆင်ရေး

## တပတ်အတွင်း စစ်ရေးလှုပ်ရှားမှုများ

အစီရင်ခံကာလအတွင်း တနိုင်ငံလုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်း ၂၇ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှု အနည်းဆုံး ၆၃ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းဒေသတွင် ဖြစ်စဉ် ၁၇ ခုဖြင့် အများဆုံးဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက စစ်ရေးလှုပ်ရှားမှုဖြစ်စဉ်အရေအတွက် လျော့နည်းလာသည်ကို တွေ့ရသည်။

၄င်းဖြစ်စဉ်များအနက် နှစ်ဘက်အပြန်အလှန် တိုက်ခိုက်မှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်များအနက် ၁၃ ခုသည် စခန်းသိမ်းဖြစ်စဉ်များဖြစ်ကြသည်။ စစ်အုပ်စုတပ်စွဲထားသည့် ဧရာဝတီဒေသ၊ ရေကြည်မြို့နယ်ရှိ ပွိုင့် ၂၂၇ ပွိုင့်ကုန်း၏ ကာကင်းစခန်းကုန်း ၂ ခုအား အာရက္ခတပ်တော်မှ ဇူလိုင်လ ၂ ရက်နှင့် ၃ ရက်နေ့များတွင် သိမ်းသည်။ အပြန်အလှန်အားဖြင့် စစ်အုပ်စုသည် စစ်ကိုင်းဒေသနှင့် ကချင်ဒေသများရှိ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ တပ်စခန်း ၁၁ ခုအား ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အတွင်း သိမ်းပိုက်ခဲ့သည်။

အစီရင်ခံကာလအတွင်း နေပြည်တော်၊ ရန်ကုန်နှင့် ရှမ်း (အရှေ့) ဒေသတို့တွင် စစ်ရေးလှုပ်ရှားမှုများ မရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် ပဲခူး (အရှေ့)နှင့် ရခိုင်ဒေသများတွင် ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှုမရှိကြောင်း တွေ့ရသည်။ မွန်နှင့် ရှမ်း (မြောက်) ဒေသတို့တွင်မူ ယခင်အပတ်အတွင်း စစ်ရေးလှုပ်ရှားမှုမရှိခဲ့သော်လည်း ယခုအပတ်တွင် စစ်ရေးလှုပ်ရှားမှုရှိကြောင်း တွေ့ရသည်။









# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၃ ဇူလိုင် - ၉ ဇူလိုင် ၂၀၂၆




## အရပ်သား ပစ်မှတ်ထားတိုက်ခိုက်မှုများ

အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအနေဖြင့် မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် အနည်းဆုံး ဖြစ်စဉ် ၈၆ ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သားအနည်းဆုံး ၂၄ ဦး သေဆုံးခဲ့ပြီး ၆၇ ဦး ဒဏ်ရာရရှိခဲ့ကာ အရပ်သား ၈၇ ဦး မတရားဖမ်းဆီးခံခဲ့ရသည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ဖြစ်စဉ် ၂၄ ကြိမ် ရှိခဲ့သည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုဖြစ်စဉ်မှာ ၁၉ ကြိမ်ဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ဖမ်းဆီးမှုဖြစ်စဉ်မှာ တတိယအများဆုံးဖြစ်ကာ ဖြစ်စဉ် ၁၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက အရပ်သားပစ်မှတ်ထားတိုက်ခိုက်ခံရမှု ဖြစ်စဉ်အရေအတွက် လျော့ကျလာသည်ကို တွေ့ရသည်။


အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဒေသမှာ စစ်ကိုင်းဒေသဖြစ်ပြီး အရပ်သား ၃ ဦး သေဆုံးကာ ၁၉ ဦး ဒဏ်ရာရရှိခဲ့သည်။ မန္တလေးဒေသသည် အရပ်သားထိခိုက်သေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး အရပ်သား ၄ ဦး သေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ အရပ်သားထိခိုက်သေဆုံးမှု တတိယအများဆုံးမှာ ချင်းဒေသတွင် ဖြစ်ပွားခဲ့ပြီး အရပ်သား ၃ ဦး သေဆုံးခဲ့ကာ ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

အစီရင်ခံကာလအတွင်း စစ်ကိုင်းဒေသတွင် အရပ်သား ၃၀ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု အများဆုံးဒေသအဖြစ် တွေ့ရှိရသည်။ ထို့နောက် ကချင်ဒေသတွင် အရပ်သားဖမ်းဆီးခံရမှုအရေအတွက် ဒုတိယအများဆုံး ဖြစ်ပွားခဲ့ပြီး ၂၄ ဦး ဖမ်းဆီးခံခဲ့ရကာ မကွေးဒေသတွင် အရပ်သားပြည်သူ ၂၀ ဦး ဖမ်းဆီးခံခဲ့ရပြီး အရပ်သားဖမ်းဆီးခံရမှု တတိယအများဆုံးဒေသအဖြစ် တွေ့ရှိရသည်။

# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး


အစီရင်ခံကာလ: ၃ ဇူလိုင် - ၉ ဇူလိုင် ၂၀၂၆




## စစ်အုပ်စု၏ အရပ်သားကို ပစ်မှတ်ထားတိုက်ခိုက်သည့် လေကြောင်းတိုက်ခိုက်မှုများ

အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များအနက် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် အများဆုံးဖြစ်ပြီး အစီရင်ခံကာလအတွင်း ဒေသ ၁၀ ခုရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်တွင် အရပ်သားများကို ပစ်မှတ်ထားသည့် လေကြောင်း တိုက်ခိုက်မှု အနည်းဆုံး ၂၄ ခု ကျူးလွန်ခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၁၀ ဦး သေဆုံးခဲ့ကာ ၃၇ ဦး ဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အများဆုံးမှာ ချင်းဒေသတွင် ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ် ၇ ခု ရှိခဲ့သည်။


ဇူလိုင်လ ၂ ရက်နေ့တွင် စစ်အုပ်စုသည် မန္တလေးဒေသ နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာတရွာအား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ ၄ ဦး သေဆုံးခဲ့ပြီး အရပ်သားပြည်သူ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဇူလိုင်လ ၆ ရက်နေ့တွင် စစ်အုပ်စုသည် ချင်းဒေသ မင်းတပ်မြို့နယ်အား လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အရပ်သားပြည်သူကလေး ၃ ဦး သေဆုံးခဲ့ပြီး ကလေး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။




# မြင်ကွင်း

# တော်လှန်စစ်ဆင်ရေး

အစီရင်ခံကာလ: ၃ ဇူလိုင် - ၉ ဇူလိုင် ၂၀၂၆





## စစ်အုပ်စု၏ စစ်ကြောင်းထိုးမှုများ

အစီရင်ခံကာလအတွင်း စစ်အုပ်စုတပ်များမှ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်စီးနင်းမှုဖြစ်စဉ်သည် မြို့နယ် ၁၀ ခုတွင် အနည်းဆုံး ၁၉ ကြိမ် ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း အရပ်သား ၅ ဦး သေဆုံးခဲ့ပြီး ၂၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးဒေသသည် စစ်အုပ်စု၏ စစ်ကြောင်းထိုးခံရမှု အများဆုံးဒေသဖြစ်ပြီး ဖြစ်စဉ် ၉ ကြိမ် ရှိခဲ့သည်။ တနင်္သာရီဒေသသည် ဒုတိယအများဆုံးဖြစ်ပြီး ၅ ကြိမ် ရှိခဲ့သည်။ ထို့နောက် စစ်ကိုင်းဒေသသည် ဖြစ်စဉ် ၂ ကြိမ်ဖြင့် တတိယအများဆုံးဖြစ်ခဲ့သည်။

စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှု စုစုပေါင်း ၁၉ ကြိမ်အနက် ၆ ကြိမ်မှာ မကွေးဒေသ၊ ချောက်မြို့နယ်တွင် ၆ ကြိမ်ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ စစ်ကြောင်းအတွင်း အရပ်သားထိခိုက်သေဆုံးမှုအများဆုံးဖြစ်စဉ်အဖြစ် မကွေးဒေသ၊ ချောမြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ဇူလိုင်လ ၂ ရက်နေ့တွင် စစ်အုပ်စုသည် မကွေးဒေသ၊ ချောက်မြို့နယ်ရှိ ကျေးရွာ ၁ ရွာအား စစ်ကြောင်းထိုးဝင်ရောက်ကာ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် အရပ်သားပြည်သူ ၄ ဦး သေဆုံးခဲ့သည်။



# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများ၊ လက်နက်ကိုင် တော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် အရပ်သားထိခိုက်သေဆုံးမှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန ၄၃ ခုနှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဆန်းစစ်လေ့လာ ထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲ ဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့် ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ် ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကိုရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ ၁ ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် ၁ ခု အဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စု ကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှု များကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများ ကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။